**ဒီတစ်ပတ်မှာတော့ " မိုဘိုင်းဖုန်းနဲ့ယနေ့လူမှုဘဝကို ချိတ်ဆက်ကြရာမှာ နေထိုင်မှုဘဝတွေ ဘယ်လိုပြောင်းလဲခဲ့ပါသလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံတွင် လွန်ခဲ့သော ၁၅နှစ်ခန့်က ဖုန်းဟူသော ပစ္စည်းသည် ဂုဏ်ဒြပ်တစ်ခုအနေဖြင့်သာ အသွင်ဆောင်ခဲ့ရပြီး ယနေ့အခါတွင်မူ မရှိမဖြစ်အသုံးတော်ခံပစ္စည်းတစ်ခုအဖြစ်သို့ ရောက်ရှိသွားခဲ့ပြီဖြစ်ပြီသည်။

၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုမှု သည် သန်း၅၀ကျော် ရှိသော လူဦးရေ၏ ၅ ရာ ခိုင်နှုန်းသာ ရှိခဲ့ပြီး ဒေသတွင်း မိုဘိုင်းဖုန်းသုံးစွဲမှု၌ လာအို ၊ကမ္ဘောဒီးယား တို့ထက် နောက်ကောက်ကျနေခဲ့သည်။ ၂၀၁၄ ခုနှစ်နှောင်းပိုင်းတွင် ကာတာအခြေစိုက် အော်ရီဒူး နှင့် နော်ဝေမှ တယ်လီနော ကုမ္ပဏီတို့ ပြည်တွင်းဆက်သွယ်ရေးကဏ္ဍသို့ ဝင်ရောက်လာခဲ့ပြီးနောက်တွင်မူ မိုဘိုင်းဖုန်းအသုံးပြုသူဦးရေတွင် MPT ၁၁.၆ သန်း ၊ Ooredoo ၁. ၆ သန်း နှင့် Telenor ၂၅၅၀၀၀ ( ၂၀၁၄ ခုနှစ် ၊ စက်တင်ဘာလအထိ စာရင်း) ၊ ထိရှိလာခဲ့သည်။

ရာစုသစ်အတွင်း သန်းနှင့်ချီသော ဈေးကွက်ကြီးတစ်ခုရှိနေသေးသည့် မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းဈေးကွက်သို့ နည်းပညာရှေ့တန်းရောက် နိုင်ငံများက လိုင်းလုံးကြီးပမာလိမ့်၍ ဝင်ရောက်လာခဲ့ရာ နောက်ကောက်ကျ မြန်မာနိုင်ငံသည် ရှေ့ရောက်နိုင်ငံများနှင့် တန်းတူ  နည်းပညာပစ္စည်းများကို ထိတွေ့ခွင့်ရခဲ့ပြီး ၄င်းတို့ကို အကျွမ်းတဝင်ရှိမှုနှင့် မည်မျှအထိ အသုံးတဲ့စွာ လုပ်ဆောင်သနည်းဆိုသည်ကလည်း ယနေ့လူမှုဘဝသစ်အတွက် စိန်ခေါ်ချက်တစ်ခု ဖြစ်လာသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် မြန်မာနိုင်ငံ၏ Facebook လူမှုကွန်ရက်သုံးစွဲမှုနှုန်းမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား နှင့် ဘရူနိုင်း သုံးနိုင်၏ စုစုပေါင်းသုံးစွဲမှုထက် ၆ ရာခိုင်နှုန်း ပိုများပြားကြောင်း သိရသည်။ သုံးစွဲသူများတွင် ကျား ၁ ဒသမ၉သန်း ၊မ ၁ ဒသမ ၁ တို့ရှိကြောင်းသိရသည်။

ကမ္ဘာ့ထိပ်တန်း သုတေသန အဖွဲ့အစည်းဖြစ်သော On Device Research ၏ စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံအတွင်း မိုဘိုင်းလ်စာတိုပို့စနစ် Applications အသုံးပြုသူများ၏ ၇၅ ရာခိုင်နှုန်းမှာ Viber ကို အသုံးပြုကြပြီး အခြားမိုဘိုင်းလ် စာတိုပို့စနစ်ထက် အသုံးပြုသူ များပြားကြောင်း ဖော်ပြထားသည်။

ထွန်းကားလာလျက်ရှိသည့် နည်းပညာများမှာလည်း လောကဓမ္မတာအရ ကောင်းကျိုး၊ဆိုးကျိုး ဒွန်တွဲလျက်ရှိနေရာ ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် မိုဘိုင်းဖုန်းများက မြန်မာ့ လူနေမှုဘဝတို့အပေါ် အဘယ်မျှအထိ ပြောင်းလဲမှု ဖြစ်ပေါ်စေတယ်၊ ဘယ်လိုအကျိုးသက်ရောက် နေတယ်ဆိုတာတွေကို တီးခေါက်ဆွေးနွေးကြည့်ကြမည် ဖြစ်ပါသည်။

## သူတို့အမြင်

အဖောက်ခံရ၊ အလွဲသုံးခံရသည့် သက်သေအထောက်အထား ရှိလျှင်ပင် ဒစ်ဂျစ်တယ် သက်သေခံကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြရန် ခက်ခဲနေသေးကြောင်းနှင့် မြန်မာနိုင်ငံရှိ ဥပဒေအချို့မှာ ခေတ်နောက် ကျနေပြီး သက်တမ်းကြာနေပြီ ဖြစ်သောကြောင့် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်နေပြီ ဖြစ်ကြောင်း ၎င်းကဆိုသည်။
**ဦးရဲမြတ်သူ** - မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ၊အလုပ်အမှုဆောင်။

"ဘယ်နေရာပဲ ရောက်ရောက် ပုံလေးတွေကို Facebook မှာ တင်ရတာ ဝါသနာပါတယ်။ ပွဲလမ်းသဘင်တွေဆိုလည်း ဒီလိုပဲ ပုံတွေ တင်ဖြစ်တယ်၊ ခုနောက်ပိုင်း ပုံတွေယူပြီး မကောင်းတဲ့ Page တွေမှာ တင်တာမျိုးကြားရတော့ ကျွန်မပုံတွေယူပြီး အလုပ်ခံရမှာ ကြောက်လာတယ်"                **ဖေ့စ်ဘွတ်သုံးစွဲသူတစ်ဦး။**

" အခုလိုမျိုး Facebook မှာ ပုံတွေကို မဟုတ်တာတွေ လုပ်နေကြတာကို ကျွန်တော့်အမြင်ကတော့ မကောင်းဘူးလို့ ထင်တယ်။ IT နယ်ပယ်မှာရှိတဲ့ Ethic အရရော၊ ကိုယ့်နိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှု အရရော မသင့်တော်ဘူး။ အခုက Facebook က ပရမ်းပတာကြီး ဖြစ်နေပြီ။ ဒီနိုင်ငံက Facebook ကို အသုံးချနေတာတွေ၊ ထင်မြင်ယူဆချက်တွေ လွဲနေတယ်၊ အတင်းတုပ်စရာ၊ မဟုတ်တာ အကုန်လုပ်စရာ နေရာလို ဖြစ်နေတယ်"

**ကိုရဲဇွန်အောင်** - ပြည်တွင်းမီဒီယာအေးဂျင့်ကုမ္ပဏီ

***Information links:***

www.internetjournal.media
www.7daydaily.com
**www.dvbdebate.net**
**www.**Burmese.dvb.no